KBZSC

# THE MARKET WATCH

JANUARY 2019 ISSUE 1

စာရင်းဝင်ကုမ္ပဏီများ၏
နှစ်ချုပ်သုံးသပ်ချက်များ

စာ- ၃ မှ ၈




၂၀၁၉ ခုနှစ်
ရန်ကုန်စတော့အိတ်ချိန်း၏
အလားအလာ

စာ- ၉, ၁၀



## ၂၀၁၈ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်အကျဉ်းချုပ်

ရန်ကုန်စတော့အိတ်ချိန်း(YSX)သည် ၂၀၁၈ ခုနှစ်အတွင်း TMH Telecom ကုမ္ပဏီစာရင်းဝင်လာခဲ့ခြင်းနှင့်အတူ လက်ရှိအချိန်တွင် စာရင်းဝင်ကုမ္ပဏီ (၅) ခုဖြင့် ပုံမှန်လည်ပတ်လျက်ရှိသည်။ ၂၀၁၈ ခုနှစ် နေ့စဉ်ရှယ်ယာရောင်းဝယ်မှုစာရင်းအရ MTSH ရှယ်ယာသည် YSX တွင်အရောင်းအဝယ်အသွက်လက်ဆုံးဖြစ်ခဲ့ပြီး နေ့စဉ်ပျမ်းမျှအစုရှယ်ယာ ၇,၀၀၀ ကျော်ခန့်အရောင်းအဝယ်ရှိခဲ့ပါသည်။ YSX ၏ ရှယ်ယာ ဈေးနှုန်းစာရင်းများအရ FPB ရှယ်ယာမှာ ဈေးကွက်တွင် ဈေးနှုန်းအတက်အကျအများဆုံးဖြစ်ပေါ်ခဲ့ပြီး အမြင့်ဆုံးဈေးနှုန်းနှင့် အနိမ့်ဆုံး ဈေးနှုန်း ခြားနားချက်မှာ ၇,၅၀၀ ကျပ် အထိရှိခဲ့သည်။

| STOCK | 1-YR HIGH (MMK) | 1-YR LOW (MMK) | AVERAGE DAILY VOLUME | TOTAL OUTSTANDING SHARES |
|---|---|---|---|---|
| FMI | 12,500 | 10,000 | 1,521 | 27,112,747 |
| MTSH | 3,350 | 2,700 | 7,189 | 38,929,150 |
| MCB | 8,200 | 6,300 | 129 | 10,400,986 |
| FPB | 27,500 | 20,000 | 235 | 2,472,053 |
| TMH | 3,400 | 2,600 | 896 | 12,212,906 |

*Ref: Yangon Stock Exchange*

၂၀၁၈ ခုနှစ်အတွင်း နေ့စဉ်ဈေးကွက်တွင် ရှယ်ယာပုံမှန်ရောင်းဝယ်မှုပမာဏစုစုပေါင်းမှာ မြန်မာကျပ်ငွေ ၁၁.၅ ဘီလီယံကျော်ဖြစ်ပြီး၊ အစုရှယ်ယာစုစုပေါင်း ၂.၃ သန်းကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ Block Trading အနေဖြင့် ရှယ်ယာရောင်းဝယ်မှုပမာဏ မြန်မာကျပ်ငွေ ၂.၅ ဘီလီယံခန့်ဖြစ်ပြီး၊ အစုရှယ်ယာစုစုပေါင်း ၆ သိန်း ၈ သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ Block Trading စနစ်ဖြင့် MTSH နှင့် FMI ရှယ်ယာများကို အရောင်းအဝယ်အများဆုံးပြုလုပ်ခဲ့ပါသည်။




ပျော်ရွှင်စရာနှစ်သစ် ဖြစ်ပါစေကြောင်း

KBZSC မှဆုမွန်ကောင်းတောင်းအပ်ပါသည်။

# YSX News Update




## Online Trading အရောင်းအဝယ်ပမာဏကန့်သတ်ချက် ပြင်ဆင်ခြင်း

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) ၏ ညွှန်ကြားချက်အရ Mobile/Internet Trading ပြုလုပ်ခြင်းအတွက် အများဆုံးပမာဏ ကျပ် သိန်း (၁၀၀) ကန့်သတ်ချက်အား ကျပ် သိန်း (၂၀၀) အထိ ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။

# Listed Companies' News Update

## MCB နှင့် Fortress Data Services (FDS) တို့သဘောတူလက်မှတ်ရေးထိုးခြင်း

MCB သည် နိုင်ငံတကာအဆင့်မီ Digital Banking ဝန်ဆောင်မှုအား တိုးချဲ့ဆောင်ရွက်လျက်ရှိကာ ၂၀၁၈ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ဘဏ္ဍာရေးဝန်ဆောင်မှုများ တီထွင်ပံ့ပိုးပေးသည့် နည်းပညာကုမ္ပဏီ Fortress Data Services (FDS) နှင့် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ FDS သည် အင်ဒိုနီရှားနိုင်ငံအခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်ပြီး ဘဏ်လုပ်ငန်းဆောင်ရွက်မှု၊ ဝန်ဆောင်မှုများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒီဂျစ်တယ် စနစ်ကျင့်သုံးရာတွင် အဓိကကူညီထောက်ပံ့ပေးလျက်ရှိသည်။

## FMI ၏ လက်အောက်ခံ ကုမ္ပဏီခွဲများက SEIN ဆေးရုံတွင် အစုရှယ်ယာ ဝယ်ယူခြင်း

FMI ကုမ္ပဏီ၏ ကျန်းမာရေးကဏ္ဍလက်အောက်ခံကုမ္ပဏီခွဲများ ဖြစ်သော Pun Hlaing International Hospital Limited (PHIH) နှင့် Yoma Siloam Hospital Pun Hlaing Limited (YSHPH) တို့က တောင်ကြီးမြို့ရှိ SEIN ဆေးရုံ၏ အစုရှယ်ယာ ၇၀% ကို အမေရိကန် ဒေါ်လာ ၄.၉ သန်း ဖြင့် ဝယ်ယူရန် မူဘောင်သဘော တူစာချုပ်ချုပ်ဆိုခဲ့ပါသည်။ SEIN ဆေးရုံသည် ခွဲစိတ်ကုသမှု၊ ဓါတ်ခွဲခန်း၊ ဓါတ်မှန်ရိုက်ဝန်ဆောင်မှုများ၊ အထွေထွေရောဂါကုသခြင်းနှင့် ရောဂါရှာဖွေဆုံးဖြတ်ပေးသည့် ဝန်ဆောင်မှုများ အဓိကဆောင်ရွက် လျက်ရှိပြီး ကုတင် (၁၀၀) ဆံ့ဆေးရုံ ဖြစ်ပါသည်။ SEIN ဆေးရုံ အားစီမံအုပ်ချုပ်မည့် အစုစပ်ကုမ္ပဏီအသစ်ကို YSHPH က ၇၀% ပိုင်၍ ဒေါက်တာ ထွန်းအေးက ၃၀% ပိုင်ဆိုင်မည် ဖြစ်ပါသည်။

## FPB မှ အတိုးနှုန်းသက်သာသော နှစ်လတ်ချေးငွေ ထုတ်ချေးသည့် အစီအစဉ်

FPB သည် နိုင်ငံတော်၏မူဝါဒအရ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်ရန် ဆုံးရှုံးမှုကို အခြေခံသည့် သက်သာသော အတိုးနှုန်းဖြင့် (၈.၅% - ၁၃.၀%) ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစ၍ ချေးငွေ များထုတ်ချေး ပေးလျက်ရှိပါသည်။ FPB သည် SME များကို ငွေထုတ်ချေးပေးရန် ကျပ်ငွေ ၅ ဘီလီယံကို နှစ်ဆင့်ချေး ငွေစီမံချက်မှရရှိရန် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင် ရွက်မှုသဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ လက်ရှိအချိန်တွင် JICA နှင့် မြန်မာ့စီးပွားရေးဘဏ်ပူးပေါင်း၍ FPB အပါအဝင် ပြည်တွင်းရှိ ဘဏ် (၇) ဘဏ်ကို SME များအား နှစ်လတ် ချေးငွေများထုတ်ချေးခွင့်စာချုပ် ချုပ်ဆိုထားပါသည်။

## ၂၀၁၈ ခုနှစ်အတွက် YSX စာရင်းဝင်ကုမ္ပဏီများ၏ အမြတ်ဝေစုအချိုးများ

၂၀၁၈ ခုနှစ် ရှယ်ယာပိတ်ဈေးများအရ FPB ရှယ်ယာ၏ အမြတ်ဝေစုအချိုးမှာ ၈.၇၀% အထိရှိခဲ့ပြီး မြန်မာနိုင်ငံ ဗဟိုဘဏ်၏ အနည်းဆုံးဘဏ်အတိုးနှုန်းဖြစ်သော ၈.၀% ထက်ပင်များပြားခဲ့သည်။ FMI ရှယ်ယာ၏အမြတ်ဝေစု အချိုးကိုတွက်ချက်ရာတွင် bonus share မှရရှိသည့် အမြတ်ဝေစုတန်ဖိုးကိုထည့်တွက်ထားခြင်းမရှိပါ။

| STOCK NAME | 2018 CLOSING PRICE (MMK) | DIVIDEND AMOUNT (MMK) | DIVIDEND YIELD |
|---|---|---|---|
| FMI | 10,000 | 100 | 1.00% |
| MTSH | 2,950 | 230 | 7.80% |
| MCB | 7,400 | 200 | 2.70% |
| FPB | 23,000 | 2,000 | 8.70% |
| TMH | 2,850 | 200 | 7.02% |

# FMI ကုမ္ပဏီ၏ နှစ်ချုပ်သုံးသပ်ချက်

၂၀၁၈ ခုနှစ်အတွင်း FMI ရှယ်ယာ၏ဈေးကွက်အပိတ်ဈေးနှုန်းများမှာ ကျပ် ၁၀,၀၀၀ မှ ကျပ် ၁၂,၅၀၀ အထိ ရှိခဲ့ပါသည်။ ဩဂုတ်လကုန်ပိုင်းတွင် ကုမ္ပဏီမှအပိုဆုအစုရှယ်ယာ (Bonus Share) ထုတ်ဝေခဲ့သောကြောင့် ရှယ်ယာဈေးနှုန်းကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ရှယ်ယာတစ်စုတန်ဖိုး ကျပ် ၁၁,၅၀၀ မှ ကျပ် ၁၀,၅၀၀ သို့ အပြောင်းအလဲဖြစ်ခဲ့ပါသည်။

## ၂၀၁၈ ခုနှစ် FMI ရှယ်ယာဈေးနှုန်းများ




*Ref: Yangon Stock Exchange*

ယခုဘဏ္ဍာရေးနှစ်ပထမနှစ်ဝက် (ဧပြီ ၂၀၁၈ - စက်တင်ဘာ ၂၀၁၈) တွင် FMI ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေသည် ကျပ် ၁၃၀.၅ ဘီလီယံခန့် ရှိခဲ့ပြီး ယခင်နှစ်ပထမနှစ်ဝက်၏ ဝင်ငွေထက် ၃၆.၃% ဝင်ငွေတိုးတက်ခဲ့ပါသည်။ FMI ကုမ္ပဏီအုပ်စု၏ ဝင်ငွေတိုးတက်မှုမှာ အဓိကအားဖြင့် ဘဏ္ဍာရေးလုပ်ငန်း၏ ချေးငွေစာရင်းတိုးတက်လာမှုနှင့်တကွ လုပ်ငန်းဝင်ငွေတိုးတက်မှုကြောင့်ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးလုပ်ငန်းတွင်လည်း ဆေးရုံများ၏တိုက်ရိုက်ဝန်ဆောင်မှုနှင့် ဖြည့်စွက်ဝန်ဆောင်မှုအမျိုးမျိုးတို့မှ ရရှိသည့် ဝင်ငွေတိုးတက်လာမှုများကြောင့် ကုမ္ပဏီအုပ်စု၏ ဝင်ငွေတိုးတက်မှုကိုအထောက်အကူပြုခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေတိုးတက်လာခြင်းနှင့်အတူ ယခုဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်အကြမ်းအမြတ်သည်လည်း ယခင်ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်နှင့် နှိုင်းယှဉ်လျှင် ၆၀.၄% တိုးတက်မှုရှိခဲ့သည်ကိုတွေ့ရှိရပါသည်။ သို့သော် ယခုနှစ်ဝက်တွင် FMI ကုမ္ပဏီအုပ်စု၏အသုံးစရိတ်များ ပိုမိုများပြားခဲ့သောကြောင့် ကုမ္ပဏီအုပ်စု၏ အသားတင်အမြတ်မှာ ယခင်ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်လျှင် ၁၈.၁% ကျဆင်းခဲ့ပါသည်။

အသားတင်အမြတ်ငွေကျဆင်းမှုနှင့် Bonus Issue ပြုလုပ်၍ ရှယ်ယာ (၁.၂) သန်း ထပ်မံထုတ်ဝေထားသောကြောင့် FMI ရှယ်ယာ၏ ရှယ်ယာတစ်စုဝင်ငွေမှာ ယခုဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်အတွက်တစ်စုလျှင် ကျပ်၂၄၆ ရှိပြီး ယခင်ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်ထက် ၄၅.၂% နည်းပါးခဲ့ပါသည်။ FMI ကုမ္ပဏီအုပ်စုသည် ၂၀၁၈ ခုနှစ်တွင် ရှယ်ယာတစ်စုလျှင် အမြတ်ငွေစု ကျပ် ၁၀၀ ပေးအပ်ခဲ့ပြီး ရှယ်ယာ အစု (၂၀) လျှင် အပိုဆုအစုရှယ်ယာ (၁) စု ထုတ်ဝေခဲ့ပါသည်။

**FMI ကုမ္ပဏီ၏ ယခုနှစ် ဘဏ္ဍာရေးပထမနှစ်ဝက်နှင့် ယခင်နှစ်အလားတူကာလ ဝင်ငွေခွဲတမ်းနှိုင်းယှဉ်မှု**

| | HY 2018-19 (Ks. '000s) | HY 2017-18 (Ks. '000s) | % Change |
|---|---|---|---|
| Financial Services | 120,023,715 | 86,505,144 | 38.7% |
| Healthcare Services | 10,335,348 | 9,053,810 | 14.2% |
| Dividend Income | 148,006 | 167,311 | (11.5)% |
| Rental | 27,000 | 30,697 | (12)% |
| **Total** | **130,534,069** | **95,756,962** | **36.3%** |

*Ref: First Myanmar Investment*

**၁) ၂၀၁၉ ခုနှစ်တွင် FMI ကုမ္ပဏီအုပ်စုသည် မည်သည့်စီးပွားရေးကဏ္ဍများတွင် ဆက်လက်ရင်းနှီးမြှုပ်နှံမလဲ။**

၂၀၁၉ ခုနှစ်တွင် FMI ကုမ္ပဏီအုပ်စုသည် လက်ရှိရင်းနှီးမြှုပ်နှံလျက်ရှိသည့် ဘဏ္ဍာရေး၊ ကျန်းမာရေး၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးနှင့် ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပါသည်။

**၂) လက်ရှိအချိန်တွင် FMI ကုမ္ပဏီအုပ်စုသည် အိမ်ခြံမြေလုပ်ငန်းမှ မည်ကဲ့သို့ဝင်ငွေရရှိနေသလဲ။**

လက်ရှိအချိန်တွင် FMI ကုမ္ပဏီအုပ်စုသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးနှင့် လူနေအိမ်ရာစီမံကိန်းများ ငှားရမ်းရောင်းချခြင်းတို့မှ အဓိကဝင်ငွေရရှိလျက်ရှိပါသည်။ ဤစီးပွားရေးနည်းဗျူဟာသည် အိမ်ရာဖော်ထုတ်တည်ဆောက်ရေးစီမံကိန်းများမှရရှိသည့် ရောင်းရဝင်ငွေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်းများမှရရှိသည့် ငှားရမ်းဝင်ငွေများ ဟန်ချက်ညီစွာဝင်ငွေရရှိစေသည့် FMI ကုမ္ပဏီအုပ်စု၏ ချမှတ်ထားသော ရေရှည်စီးပွားရေးနည်းဗျူဟာနှင့် ကိုက်ညီမှုရှိသည်ကိုတွေ့ရပါသည်။

**၃) လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Yoma Central စီမံကိန်းမှ FMI ကို မည်သို့အကျိုးပြုနိုင်သလဲ။**

လက်ရှိ ရန်ကုန်မြို့လယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Yoma Central စီမံကိန်းမှာ အမေရိကန်ဒေါ်လာ ၇၀၀ သန်းတန်ဖိုးရှိသည့် ကမ္ဘာ့အဆင့်မီဟိုတယ်၊ ရုံးသုံးနှင့် လူနေအိမ်ရာစီမံကိန်းဖြစ်ပါသည်။ Yoma Central စီမံကိန်း၏ အစိတ်အပိုင်းများဖြစ်သော Peninsula Yangon Hotel စီမံကိန်းနှင့် Meeyahta Development Limited စီမံကိန်းများတွင် FMI ကုမ္ပဏီအုပ်စုမှာ ၆% နှင့် ၁၂% အသီးသီးရင်းနှီးမြှုပ်နှံထားလျက်ရှိပါသည်။ FMI ကုမ္ပဏီအုပ်စုသည် အဆိုပါရင်းနှီးမြှုပ်နှံမှုကြောင့် ငွေကြေးအရအကျိုးအမြတ်ရရှိနိုင်ခြင်းထက် ကမ္ဘာ့အဆင့်မီ ကုမ္ပဏီအဖွဲ့အစည်းများနှင့် လုပ်ငန်းပိုင်းဆိုင်ရာ လက်တွဲပူးပေါင်းဆောင်ရွက်ခွင့်ရရှိခြင်းကို ပိုမိုတန်ဖိုးထားပြီး ကုမ္ပဏီ၏ Yoma Central စီမံကိန်းအပေါ် ချမှတ်ထားသည့် ရေရှည်လုပ်ငန်းစဉ်များကို များစွာအထောက်အကူပြုနိုင်မည်ဟု မျှော်မှန်းပါသည်။

**၄) လက်ရှိအိမ်ခြံမြေဈေးကွက်အနေအထားအရ FMI ကုမ္ပဏီအုပ်စုအနေဖြင့် လာမည့်နှစ်များတွင် ခက်ခဲသည့် ဈေးကွက်အနေအထားများကို မည်သို့ရင်ဆိုင်ကျော်ဖြတ်သွားမလဲ။**

FMI ကုမ္ပဏီအုပ်စုအနေဖြင့် အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍအတွက် City Loft တန်ဖိုးနည်းလူနေအိမ်ရာစီမံကိန်းကို စတင်ခဲ့ခြင်းနှင့်အတူ ကုမ္ပဏီ၏ ပစ်မှတ်ဈေးကွက်ကို လူလတ်တန်းစားဈေးကွက်သို့ တိုးချဲ့လျက်ရှိပါသည်။ City Loft စီမံကိန်းကို ရန်ကုန်မြို့၊ သန်လျင်မြို့နယ်တွင် အဆင့်ဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်း ကြမ်းခင်း ဧရိယာ (၈.၉) ဟက်တာခန့် ရှိမည်ဖြစ်သည်။ ဤစီမံကိန်းတွင် အခန်းပေါင်း ၁,၄၀၀ ကျော်ပါရှိမည်ဖြစ်ပြီး အခန်းအရွယ်အစားအရ စတုရန်းပေ ၃၁၀ မှ ၈၅၀ အထိရှိသော အခန်းအမျိုးအစားပေါင်းစုံပါရှိမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အဆိုပါအခန်းများမှာ အမျိုးအစားပေါ်မူတည်၍ ကျပ် ၄၃၀ သိန်း မှ ကျပ် ၁,၅၀၀ သိန်းခန့်ဖြင့် စတင်ရောင်းချလျက်ရှိပါသည်။ အများပြည်သူများ အိမ်ခန်းပိုင်ဆိုင်ခွင့်ရရှိရန်ရည်ရွယ်ချက်ဖြင့် City Loft ရှိ တန်ဖိုးနည်းအိမ်ရာများကိုဝယ်ယူရန် အရစ်ကျစနစ်ဖြင့် (၂၅) နှစ်အထိ ခွင့်ပြုပေးထားပါသည်။ FMI ကုမ္ပဏီအုပ်စုအနေဖြင့် တိုက်ခန်းဝယ်ယူသူများထံသို့ စီမံကိန်း၏ ပထမအဆင့်တွင်ပါဝင်သော တိုက်ခန်းများကို ဧပြီလ ၂၀၂၀ တွင် စတင်အပ်နှံမည်ဖြစ်ပါသည်။

## FMI မှ အထူးကျင်းပသည့်အထွေထွေအစည်းအဝေးပွဲ

FMI ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်ကို အတည်ပြုနိုင်ရန်နှင့် လက်ရှိသင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းနေရာတွင်အစားထိုးကျင့်သုံးရန် အထူးကျင်းပသည့် အထွေထွေ အစည်းအဝေးပွဲကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးပွဲတွင် အစုရှယ်ယာအသစ်ထုတ်ဝေရန် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းနှင့် အဆိုပြုထားသော ကုမ္ပဏီအမည်ပြောင်းလဲခြင်းဆိုင်ရာဆုံးဖြတ်ချက်များကိုလည်း အစုရှယ်ယာရှင်များက သဘောတူဆုံးဖြတ်ခဲ့ပါသည်။

# MTSH ကုမ္ပဏီ၏ နှစ်ချုပ်သုံးသပ်ချက်

၂၀၁၈ ခုနှစ်အတွင်း MTSH ရှယ်ယာ၏ဈေးကွက်အပိတ်ဈေးနှုန်းများမှာ ကျပ် ၂,၇၅၀ မှ ကျပ် ၃,၃၅၀ အထိ ရှိခဲ့ပါသည်။ ဇွန်လကုန်ပိုင်းတွင် ကုမ္ပဏီမှ အမြတ်ဝေစုများခွဲဝေမည့်ကြေညာချက်အပြီးတွင် MTSH ရှယ်ယာဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဩဂုတ်လလယ်ပိုင်း အမြတ်ဝေစုများခွဲဝေပြီးသည့်အချိန်တွင် ရှယ်ယာဈေးနှုန်းများပြန်လည်ကျဆင်းခဲ့သည်။ ၂၀၁၈ ခုနှစ်အတွင်း MTSH သည် ရှယ်ယာဈေးနှုန်းများသိသာစွာပြောင်းလဲခဲ့ခြင်းမရှိဘဲ အများအားဖြင့် ရှယ်ယာဈေးနှုန်းများတည်ငြိမ်ခဲ့သည် ကိုတွေ့ရပါသည်။

## ၂၀၁၈ ခုနှစ် MTSH ရှယ်ယာဈေးနှုန်းများ




*Ref: Yangon Stock Exchange*

ယခုဘဏ္ဍာရေးနှစ်ပထမနှစ်ဝက် (ဧပြီ ၂၀၁၈ - စက်တင်ဘာ ၂၀၁၈) တွင် MTSH ၏ ဝင်ငွေသည် ကျပ် ၄.၆ ဘီလီယံခန့်ရှိခဲ့ပြီး ယခင်နှစ်ပထမနှစ်ဝက်၏ ဝင်ငွေထက် ၃၁% ခန့်ဝင်ငွေလျော့ကျခဲ့ပါသည်။ MTSH ၏ဝင်ငွေလျော့ကျသွားခြင်းနှင့်အတူ ကုမ္ပဏီ၏ အကြမ်းအမြတ်ငွေမှာလည်း ၂၇% ခန့်ကျဆင်းခဲ့သည်ကိုတွေ့ရပါသည်။ သို့သော် အခြားအဓိကအမြတ်ငွေဖြစ်သည့် MTSH ၏ ဖက်စပ်လုပ်ငန်း မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက် (MJTD) မှရရှိသည့်အမြတ်ငွေမှာ ကျပ် ၅.၃ ဘီလီယံကျော်ခန့် အထိရှိခဲ့ပြီး ယခင်နှစ်ပထမနှစ်ဝက်၏ အမြတ်ငွေထက် ၁၂၆% ခန့်တိုးတက်မှုရှိခဲ့ပါသည်။ လုပ်ငန်းလည်ပတ်မှုအမြတ်ငွေနှင့် အခြားနည်းလမ်းမှရသည့်ဝင်ငွေများသည်လည်း တိုးတက်ခဲ့သည်ကို တွေ့မြင်ရပါသည်။

MTSH ၏ ယခုဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်၏ အသားတင်အမြတ်ငွေမှာ ကျပ် (၉.၇) ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ပထမနှစ်ဝက်၏ အသားတင်အမြတ်ငွေထက် ၅၈% တိုးတက်ခဲ့ပါသည်။ ထို့ကြောင့် MTSH ရှယ်ယာ၏ ပထမနှစ်ဝက်အတွက်ရှယ်ယာတစ်စု ဝင်ငွေမှာ ကျပ် ၂၄၅ အထိရှိခဲ့ပါသည်။ MTSH ကုမ္ပဏီအုပ်စု၏ ယခုဘဏ္ဍာရေးနှစ်ပထမနှစ်ဝက် ဘဏ္ဍာရေးစွမ်းဆောင်မှုသည် ယခင်နှစ်အလားတူကာလနှစ်ဝက်စွမ်းဆောင်ရည်ထက် တိုးတက်မှုရှိခဲ့ပြီး MJTD ၏ နှစ်ရှည်မြေငှားရမ်းခြင်းမှ ဝင်ငွေတိုးတက်လာမှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် MTSH သည် ရှယ်ယာရှင်များကို အမြတ်ငွေစုအနေဖြင့် ရှယ်ယာတစ်စုလျှင် ကျပ် ၂၃၀ ခွဲဝေခဲ့ပြီး စုစုပေါင်း အမြတ်ဝေစု ကျပ် ၈.၉ ဘီလီယံခန့်ခွဲဝေခဲ့ပါသည်။ MTSH မှ ထုတ်ဝေသော ရှယ်ယာတစ်စု၏ အမြတ်ဝေစုအချိုးမှာ လက်တလောရှယ်ယာဈေးကွက်ပေါက်ဈေးဖြင့်တွက်ချက်ပါက ၇.၈% ခန့်ရှိနေပါသည်။ အဆိုပါနှုန်းမှာ  လက်ရှိမြန်မာနိုင်ငံ ဗဟိုဘဏ်မှ သတ်မှတ်ထားသော အနည်းဆုံးဘဏ်အတိုးနှုန်းဖြစ်သည့် ၈.၀% နီးပါးခန့်ရှိ၍ နှစ်စဉ်အမြတ်ဝေစုဝင်ငွေကို မျှော်မှန်းသော ရင်းနှီးမြှုပ်နှံသူများစိတ်ဝင်စားသည့် ရှယ်ယာတစ်ခုဖြစ်လျက်ရှိသည်။

# MCB ကုမ္ပဏီ၏ နှစ်ချုပ်သုံးသပ်ချက်

၂၀၁၈ ခုနှစ်အတွင်း MCB ရှယ်ယာ၏ဈေးကွက်အပိတ်ဈေးနှုန်းများမှာ ကျပ် ၇,၀၀၀ မှ ကျပ် ၈,၂၀၀ အထိ ရှိခဲ့ပါသည်။ ယခင်နှစ် ပထမနှစ်ဝက်အတွင်း MCB ရှယ်ယာဈေးနှုန်းများမှာ ကျပ် ၈,၀၀၀ ဝန်းကျင်တွင် အများအားဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒုတိယ နှစ်ဝက်တွင် ရှယ်ယာဈေးနှုန်းများအနည်းငယ်ကျဆင်းကာ လက်ရှိအချိန်တွင် ရှယ်ယာတစ်စုကို ကျပ် ၇,၂၀၀ ခန့်ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

## ၂၀၁၈ ခုနှစ် MCB ရှယ်ယာဈေးနှုန်းများ




*Ref: Yangon Stock Exchange*

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် (ဧပြီ ၂၀၁၇ - မတ်လ ၂၀၁၈) တွင် MCB ၏ အဓိကဝင်ငွေဖြစ်သည့် အသားတင်အတိုးဝင်ငွေမှာ ကျပ် ၉.၂ ဘီလီယံခန့်ရှိခဲ့ပါသည်။ MCB ၏ ဘဏ်ရန်ပုံငွေစရိတ်မြင့်တက်ခဲ့သောကြောင့် ရှေ့ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အသားတင်အတိုးဝင်ငွေမှာ ၂.၄၄% ခန့်ကျဆင်းခဲ့ပါသည်။ ဘဏ်၏ စုစုပေါင်းဝင်ငွေမှာ အနည်းငယ်လျော့ကျ၍ အသုံးစရိတ် များမြင့်တက်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် ဘဏ်၏ ဝင်ငွေအခွန်မဆောင်မီရရှိသည့်အမြတ်ငွေမှာ ထက်ဝက် နီးပါးခန့်ကျဆင်းခဲ့ပါသည်။ ဘဏ်၏ အသုံးစရိတ်များမြင့်တက်လာရခြင်းမှာ အဓိကအားဖြင့် ဘဏ်ခွဲများ ပြင်ဆင်ခြင်း၊ ဘဏ် အားဈေးကွက်တွင် ပြန်လည်နေရာယူနိုင်ရန် အသုံးပြုသောစရိတ်နှင့် အခြားအထွေထွေစရိတ်များပါဝင်ပါသည်။

| Myanmar Citizens Bank Ltd | | | | |
|---|---|---|---|---|
| Audited Condensed Income Statement | | | | |
| | in Millions | | | |
| | For the year Ended | | Increse/(Decrease) | |
| | 31.03.2018 | 31.03.2017 | Amount | % |
| Interest Income | 23,145 | 20,980 | 2,165 | 10.32 |
| Interest Expense | (13,933) | (11,538) | (2,395) | 20.76 |
| Net Interest Income | 9,212 | 9,442 | (230) | (2.44) |
| Other Income | 3,967 | 4,416 | (449) | (10.17) |
| Total Revenue | 13,179 | 13,858 | (679) | (4.90) |
| Total Expenses | (9,220) | (6,040) | (3,180) | 52.65 |
| Profit before Income | 3,959 | 7,818 | (3,859) | (49.36) |

| | Balance Sheet as at | | Increase/(Decrease) | |
|---|---|---|---|---|
| Assets | 31.03.2018 | 31.03.2017 | Amount | % |
| Cash in Hand & Bank | 46,085 | 26,214 | 19,871 | 75.80 |
| Loans & Advance | 188,253 | 159,718 | 28,535 | 17.87 |
| Investment & T-Bond | 57,511 | 47,492 | 10,019 | 21.10 |
| Property & Equipment | 12,947 | 10,261 | 2,686 | 26.18 |
| Other Assets | 5,354 | 6,356 | (1,002) | (15.76) |
| Total Assets | 310,150 | 250,041 | 60,109 | 125.18 |
| Liabilities | | | | |
| Deposit from Customer | 220,153 | 163,970 | 56,183 | 34.26 |
| Other Liabilities | 20,300 | 19,618 | 682 | 3.48 |
| Total Liabilities | 240,453 | 183,588 | 56,865 | 37.74 |

*Ref: Myanmar Citizens Bank*

MCB ၏ လုပ်ငန်းပိုင်းတိုးတက်မှုအနေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ဘဏ်၏ အပ်ငွေနှင့် ချေးငွေပမာဏများမှာ ကျပ် ၂၂၀.၂ ဘီလီယံနှင့် ကျပ် ၁၈၈.၃ ဘီလီယံခန့် အသီးသီးရှိခဲ့ပြီး ရှေ့ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုများရှိခဲ့သည် ကိုတွေ့ရသည်။ ဘဏ်အနေဖြင့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် အမြတ်ဝေစုအနေဖြင့် ရှယ်ယာတစ်စုလျှင် ကျပ် ၂၀၀ ပေးအပ်ခဲ့ပြီး စုစုပေါင်း အမြတ်ဝေစုပမာဏအနေဖြင့် ကျပ် ၂.၀၈ ဘီလီယံခန့် ထုတ်ဝေခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် MCB သည် ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲခြင်းအတွက် ထင်ရှားသည့်လုပ်ဆောင်ချက်များအနေဖြင့် ကမ္ဘာ့အဆင့်မီ Temenos T24 Core Banking System နှင့် လက်မှတ်ရေးထိုးကာ ဘဏ်များ၏ ဈေးကွက်ပုံစံအပြောင်းအလဲတွင် ပိုမိုကောင်းမွန်စွာလိုက် လျောညီထွေမှုရှိစေရန်ကြိုတင်ပြင်ဆင်လာသည်ကိုတွေ့ရပါသည်။

# FPB ကုမ္ပဏီ၏ နှစ်ချုပ်သုံးသပ်ချက်

၂၀၁၈ ခုနှစ်အတွင်း FPB ရှယ်ယာ၏ဈေးကွက်အပိတ်ဈေးနှုန်းများမှာ ကျပ် ၂၂,၅၀၀ မှ ကျပ် ၂၇,၅၀၀ အထိ ရှိခဲ့ပါသည်။ ယခင်နှစ်ဆန်းအတွင်း FPB ရှယ်ယာဈေးနှုန်းမှာ ကျပ် ၂၇,၀၀၀ ဝန်းကျင်တွင်ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်နှစ်တာအမြတ်ဝေစု အကျိုးခံစားခွင့်ပြီးဆုံးခဲ့သော မတ်လအကုန်နောက်ပိုင်းတွင် FPB ရှယ်ယာဈေးနှုန်းများကျဆင်းခဲ့ပါသည်။ လက်ရှိအချိန်တွင် FPB ရှယ်ယာသည် တစ်စုလျှင် ၂၃,၀၀၀ ဝန်းကျင်ခန့်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

## ၂၀၁၈ ခုနှစ် FPB ရှယ်ယာဈေးနှုန်းများ




*Ref: Yangon Stock Exchange*

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်ဝက် (ဧပြီ ၂၀၁၈ - စက်တင်ဘာ ၂၀၁၈) တွင် FPB ၏ အသားတင်အတိုးဝင်ငွေမှာ ကျပ် ၃.၄ ဘီလီယံခန့်ရှိခဲ့ပြီး ရှေ့ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက ၁၀.၄% ခန့်လျော့ကျခဲ့သည်ကိုတွေ့ရပါသည်။ ဘဏ်၏ အခြားဝင်ငွေများ အနည်းငယ်ကျဆင်းခဲ့ပြီး အသုံးစရိတ်များမြင့်တက်လာမှုကြောင့် FPB ၏ အသားတင်အမြတ်ငွေမှာ ရှေ့ဘဏ္ဍာရေးနှစ် ထက်လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင်ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်ဝက်အတွက် FPB ၏ အစုရှယ်ယာတစ်စုအပေါ်ဝင်ငွေမှာ ကျပ် ၁၀၃၅ ခန့်ရှိခဲ့ပါသည်။ FPB အနေဖြင့် ပြီးခဲ့သည့်နှစ်တွင် အမြတ်ဝေစုအနေဖြင့် အစုရှယ်ယာရှင်များကို ရှယ်ယာတစ်စုလျှင် ကျပ် ၂၀၀၀ ပေးအပ်ခဲ့ပါသည်။

FPB ၏ ဘဏ်လုပ်ငန်းတိုးတက်မှုအနေဖြင့် ၂၀၁၈ စက်တင်ဘာလတွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ်အပ်ငွေနှင့် ချေးငွေပမာဏများမှာ ကျပ် ၂၀၄.၁ ဘီလီယံနှင့် ကျပ် ၁၈၀.၄ ဘီလီယံအသီးသီးခန့်ရှိခဲ့ပြီး ယခင်နှစ်များထက်လုပ်ငန်းတိုးတက်မှုရှိခဲ့သည်ကိုတွေ့ရသည်။ ရှေ့လုပ်ငန်းစဉ်အနေဖြင့် FPB သည် MCB နည်းတူ Core Banking စနစ်သစ်ကိုကျင့်သုံးနိုင်ရန် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်လုပ်ငန်းကို ကမ္ဘာ့အဆင့်မီခေတ်မီနည်းပညာကို အသုံးပြုပြီး Mobile Banking နှင့် Internet Banking လုပ်ငန်းများကို ခေတ်နှင့်အညီဆောင်ရွက်နိုင်ရန် Finastra Financial Software (MISYS) စနစ်ကိုတဆင့်ချင်းစီအကောင်အထည် ဖေါ်ဆောင်ရွက်လျက်ရှိသည်။

| Loans & receivables | 30.9.2018 Combined kyat | 30.9.2017 Combined kyat |
|---|---|---|
| Loans & receivables | 132,873,383,333 | 26,233,400,833 |
| Overdrafts | 46,547,868,629 | 132,230,215,260 |
| Term loans | 1,000,000,000 | - |
| | 180,421,251,962 | 158,463,616,093 |

| Deposit | 30.9.2018 Combined kyat | 30.9.2017 Combined kyat |
|---|---|---|
| Current Deposit | 4,819,928,889 | 5,109,075,205 |
| Saving Deposit | 109,720,926,774 | 97,632,743,594 |
| Call Deposit | 3,335,495,816 | 2,340,174,505 |
| Fixed Deposit | 82,062,413,858 | 61,063,477,771 |
| Mobile Money | 214,035,370 | 164,330,387 |
| Current Deposit(Foreign Currencies) | 3,970,172,123 | 11,382,034,512 |
| | 204,122,972,830 | 177,691,835,974 |

*Ref: First Private Bank*

# TMH ကုမ္ပဏီ၏ နှစ်ချုပ်သုံးသပ်ချက်

၂၀၁၈ ခုနှစ်အတွင်း TMH ရှယ်ယာ၏ဈေးကွက်အပိတ်ဈေးနှုန်းများမှာ ကျပ် ၂,၆၀၀ မှ ကျပ် ၃,၂၀၀ အထိ ရှိခဲ့ပါသည်။ TMH ရှယ်ယာသည် ယခင်နှစ်ဆန်းပိုင်း ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်ခဲ့သည့်အချိန်မှစ၍ ရှယ်ယာဈေးနှုန်းများမှာ ပုံမှန်အားဖြင့်တည်ငြိမ်ခဲ့ပြီး YSX ၏ စာရင်းဝင်ကုမ္ပဏီများအနက် ဈေးနှုန်းအပြောင်းအလဲ အနည်းဆုံးရှယ်ယာဖြစ်ခဲ့သည်။ လက်ရှိအချိန်တွင် TMH ရှယ်ယာသည် တစ်စုလျှင် ကျပ် ၂,၈၅၀ ခန့်ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

## ၂၀၁၈ ခုနှစ် TMH ရှယ်ယာဈေးနှုန်းများ




*Ref: Yangon Stock Exchange*

ယခုဘဏ္ဍာရေးနှစ်ပထမနှစ်ဝက် (ဧပြီ - စက်တင်ဘာ) တွင် TMH ကုမ္ပဏီ ၏ဝင်ငွေသည် ကျပ် ၅.၄ ဘီလီယံခန့်ရှိခဲ့ပြီး ယခင်နှစ်ပထမနှစ်ဝက်၏ဝင်ငွေထက် ၃၅% ခန့်ဝင်ငွေတိုးတက်လာခဲ့သည်။ TMH ၏ဝင်ငွေတိုးတက်မှုရှိခဲ့သော်လည်း ကုမ္ပဏီမှ အကောင်ထည်ဖော်ဆောင်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် သက်ဆိုင်သည့်လုပ်ငန်းကုန်ကြမ်းပစ္စည်းများ၏ ကုန်ကျစရိတ်များ၊ ပြည်ပကုမ္ပဏီများမှ ဝယ်ယူရာတွင် နိုင်ငံခြားငွေဖြင့် ဝယ်ယူခဲ့ရသည့်အတွက် ယခင်နှစ်များထက် ကုမ္ပဏီ၏ ကုန်ကျစရိတ်များမြင့်တက်ခဲ့၍ TMH ၏ အသားတင်အမြတ်ငွေမှာ ယခင်ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်နှင့်ယှဉ်လျှင် ၄၈.၅% ခန့် ကျဆင်းခဲ့ပါသည်။ TMH ၏ ယခုနှစ်ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက် အသားတင်အမြတ်ငွေမှာ ကျပ် ၃၅၂.၇ သန်းခန့်ရှိခဲ့ပါသည်။

*Ref: TMH Telecom Co., Ltd*

### TMH ကုမ္ပဏီ၏ ယခုနှစ်ဘဏ္ဍာရေးပထမနှစ်ဝက်နှင့် ယခင်နှစ်အလားတူကာလ ဝင်ငွေခွဲတမ်းနှိုင်းယှဉ်မှု

**Statement in segments** **(Kyat in thousand)**

| | HY 2018-19 | HY 2017-18 | % Change |
|---|---|---|---|
| **Project Income** | 4,601,731 | 3,065,244 | 50% |
| **Prepaid Card Commission Income** | 94,860 | 239,608 | -60% |
| **Production / KDDI Bonus Commission Income** | 740,846 | 724,188 | 2% |
| **Total** | **5,437,437** | **4,029,040** | 35% |

TMH ကုမ္ပဏီ၏ လက်ရှိလုပ်ငန်းလည်ပတ်မှုအနေအထားအရ ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများမှ အဓိကဝင်ငွေရရှိလျက်ရှိပြီး ယခုဘဏ္ဍာရေးနှစ်ပထမနှစ်ဝက် ကုမ္ပဏီစုစုပေါင်းဝင်ငွေ၏ ၈၅% ကိုထောက်ပံ့ပေးလျက်ရှိသည်။ ကုမ္ပဏီ၏ အခြားဝင်ငွေများမှာ ကုန်ထုတ်လုပ်မှု/KDDI အပိုဆုကော်မရှင်မှ ရရှိသည့်ဝင်ငွေဖြစ်ပြီး ကုမ္ပဏီစုစုပေါင်းဝင်ငွေ၏ ၁၄% ခန့်ကိုထောက်ပံ့ထားလျက်ရှိသည်။ TMH၏ ကျန်ရှိသည့်ဝင်ငွေများသည် တယ်လီဖုန်းကြိုတင်ငွေဖြည့်ကတ်များမှရရှိသည့်ကော်မရှင်ခဝင်ငွေများပါရှိပါသည်။

# ၂၀၁၉ ခုနှစ် ရန်ကုန်စတော့အိတ်ချိန်း၏ အလားအလာ

၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး IPO ကို TMH Telecom ကုမ္ပဏီမှ ပြုလုပ်ခဲ့ပြီး စာရင်းဝင်ကုမ္ပဏီ (၅) ခုအထိ ရှိလာခဲ့သည်။ သို့သော် YSX ရှိ စတော့ရှယ်ယာများ၏ ဈေးကွက်အခြေအနေကိုဖော်ပြသော MYANPIX အညွှန်းကိန်းမှာ ၄၇၀ မှ ၄၁၀ သို့ကျဆင်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ရှယ်ယာအရောင်းအဝယ်ဖြစ်မှုအရေအတွက်စာရင်းအရ စာရင်းဝင်ကုမ္ပဏီအများစု အမြတ်ဝေစုများခွဲဝေပေးသည့်အချိန်ဖြစ်သော ဩဂုတ်လနှင့် စက်တင်ဘာလ ဝန်းကျင်တွင် ရှယ်ယာအရောင်းအဝယ်ပိုမိုသွက်လက်ခဲ့ပြီး အခြားကာလများတွင် ပုံမှန်အရောင်းအဝယ်ရှိခဲ့ပါသည်။




*Ref: Yangon Stock Exchange*

ယခင်နှစ်အတွင်း YSX ၏ ရှယ်ယာဈေးကွက်မှာနေးကွေးခဲ့သော်လည်း မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) မှ စတော့ရှယ်ယာဈေးကွက်တွင် အရောင်းအဝယ်ပိုမိုသွက်လက်ပြီး ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှုတိုးပွားစေရန် ထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုအချို့ကို ပြုလုပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အစပိုင်းတွင် Online မှ အရောင်းအဝယ်ပြုလုပ်သည့်စနစ်ကို စတင်ခွင့်ပြုခဲ့ပြီး လက်ရှိအချိန်တွင် အရောင်းအဝယ်ပမာဏကန့်သတ်ချက်ကို အများဆုံးကျပ် သိန်း (၁၀၀) မှ သိန်း (၂၀၀) အထိ ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။ YSX မှ တနေ့အတွင်း အရောင်းအဝယ်ပြုလုပ်နိုင်သည့် matching time အရေအတွက်ကိုလည်း (၂) ကြိမ်မှ (၄) ကြိမ်အထိ တိုးမြှင့်ခဲ့ပါသည်။ ထို့အပြင် SECM မှ အရောင်းအဝယ်ကော်မရှင်ခများကိုလည်းပြင်ဆင်ခဲ့ပါသည်။ အဆိုပါပြုပြင်ပြောင်းလဲမှုများသည် YSX ၏ တိုးတက်မှုကို အကျိုးပြုနိုင်ဖွယ်ရှိပြီး ၂၀၁၉ ခုနှစ်အတွက် အလားအလာကောင်း တစ်ရပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံစီးပွားရေးလောကတွင် လတ်တလော ထင်ရှားသည့်ပြောင်းလဲမှုများဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်နှင့် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် စတင်အသုံးပြုခဲ့သည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်တို့မှာ YSX ကိုတိုက်ရိုက်အကျိုးပြုနိုင်ချေရှိသည်ဟုမျှော်မှန်းရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်အရ နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများတွင် ၃၅% အထိ ရင်းနှီးမြှုပ်နှံခွင့်ရရှိမည်ဖြစ်သောကြောင့် YSX ရှိစာရင်းဝင်ကုမ္ပဏီများတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှုပိုမိုများပြားလာနိုင်ပြီး ရှယ်ယာအရောင်းအဝယ်များ ပိုမိုသွက်လက် လာနိုင်ချေရှိပါသည်။ လက်ရှိအချိန်တွင် SECM, YSX နှင့် ငွေကြေးသက်သေခံလက်မှတ်ရ ကုမ္ပဏီများမှ YSX တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန် နောက်ဆုံးအဆင့်ဆွေးနွေးမှုများပြုလုပ်လျက်ရှိပါသည်။

ယခင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် အိမ်နီးချင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဈေးကွက်များ ကိုများစွာအထောက်အကူပြုခဲ့သည်ကိုတွေ့မြင်ရပါသည်။ ဥပမာအနေဖြင့် ဗီယက်နမ်နိုင်ငံရှိ ဟိုချီမင်းစတော့အိတ်ချိန်း (HSX) သည် ၂၀၀၃ ခုနှစ်တွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံခွင့်တိုးမြှင့်ခဲ့ပြီးနောက်ပိုင်း စာရင်းဝင်ကုမ္ပဏီများတိုးပွားလာသည်နှင့်အမျှ စတော့ အိတ်ချိန်းသည် လျင်မြန်စွာ တိုးတက်ခဲ့ပါသည်။ ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် ဟိုချီမင်းစတော့အိတ်ချိန်းကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့် တိုးတက်ပြောင်းလဲလာနိုင်မည်လားဆိုသည်ကို ၂၀၁၉ ခုနှစ်တွင် စတင်တွေ့မြင်နိုင်မည်ဖြစ်သည်။ လက်ရှိအချိန် သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမလာရောက်သေးမီအချိန်ဖြစ်သည့်အတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအဖို့ ရင်းနှီးမြှုပ်နှံရန် အခွင့်အရေးကောင်းတစ်ရပ် ပိုင်ဆိုင်ထားသည်ဟု ရှုမြင်ပါသည်။

## MYANPIX နှင့် VN-Index ကိုနှိုင်းယှဉ်ခြင်း




*VNINDEX အညွှန်းကိန်းအရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံခွင့်တိုးမြှင့်ခဲ့ပြီးနောက်ပိုင်း HSX ၏ ရှယ်ယာဈေးကွက်မှာ လျင်မြန်စွာတိုးတက်ခဲ့သည်ကို ဤကဲ့သို့တွေ့မြင်ရသည်။*

# ၂၀၁၉ ခုနှစ် မြန်မာ နိုင်ငံအိမ်ခြံမြေဈေးကွက်၏ အလားအလာ

၂၀၁၉ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံသူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ပိုမိုအကာအကွယ်ပေးနိုင်ရန် ပြုပြင်ပြောင်းလဲလိုက်သော ဥပဒေပြဌာန်းများနှင့်အတူ မြန်မာနိုင်ငံအိမ်ခြံမြေဈေးကွက်ကို စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့သောမြန်မာကွန်ဒိုမီနီယံဥပဒေသည် ယခု ၂၀၁၉ ခုနှစ်တွင် အောင်မြင်စွာပြဌာန်းနိုင်ပါက အိမ်ခြံမြေဈေးကွက်သည် ပြန်လည်အသက်ဝင်လာနိုင်ပြီး အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူများ၏ ဈေးကွက်အပေါ်ယုံကြည်မှုပိုမိုတိုးပွားနိုင်မည်ဟု ကျွမ်းကျင်သူများကမျှော်မှန်းပါသည်။ အဆိုပါ ၂၀၁၆ မြန်မာကွန်ဒိုမီနီယံဥပဒေအရ နိုင်ငံခြားသားများအနေဖြင့် ရောင်းချနိုင်သော ကွန်ဒိုမီနီယံဧရိယာ၏ ၄၀% ကိုဝယ်ယူပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။

ထို့အပြင် လတ်တလောတွင် ပြည်တွင်းဘဏ်များအနေဖြင့် လူအများ ဘဏ်ချေးငွေဖြင့်အိမ်ခြံမြေများပိုမိုလွယ်ကူစွာပိုင်ဆိုင်ခွင့်ရရှိရန် ရည်ရွယ်၍ အရစ်ကျပေးစနစ်များကို ၁၅ နှစ်မှ ၂၀ နှစ်အထိ ပေးအပ်လျက်ရှိပါသည်။ ထို့ကြောင့် အများပြည်သူများအနေဖြင့် အိမ်ခြံမြေများဝယ်ယူရာတွင် ယခင်နှစ်များကအတိုင်း ငွေသားအလုံးအရင်းကို တချိန်တည်းပေးအပ်စရာမလိုအပ်တော့ဘဲ မိမိဝင်ငွေအလျောက် အရစ်ကျစနစ်ဖြင့် အိမ်များပိုင်ဆိုင်ခွင့်ရရှိတော့မည်ဖြစ်သည်။ အိမ်ခြံမြေဝယ်ယူသူများအနေဖြင့် ပြည်တွင်းဘဏ်များတွင် ၁၃% အတိုးနှုန်းဖြင့် ၂၅ နှစ်အထိပေါင်နှံစာချုပ်များကို လျှောက်ထားခွင့်ရှိပြီဖြစ်ပါသည်။

*Ref: https://www.mmtimes.com/news/prospects-better-2019-improved-laws-loan-options.html*


### KBZSC Securities Trading Department သို့ ဆက်သွယ်ရန်

| | | | |
|---|---|---|---|
| License No. | : 001 | Website | : www.kbzsc.com |
| Telephone | : 01 230 7305 ~ 08 | Facebook | : www.facebook.com/KBZSC |
| Email | : trading@kbzsc.com | Office Hours | : 9:00 AM ~ 4:30 PM (Monday – Friday) |



တာဝန်မှ ကင်းလွတ်ကြောင်းအသိပေးခြင်း (Disclaimer)

The Market Watch Newsletter အား KBZSC မှ အများပြည်သူသို့ အသိပညာပေးရန် ရည်ရွယ်၍ အများပြည်သူတို့ အလွယ်တကူရရှိနိုင်သောအချက်အလက်များနှင့် အခြားမှန်ကန်သောသတင်းအရင်းအမြစ်များအားမှီငြမ်း၍ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤသတင်းလွှာတွင်ဖော်ပြထားသောအချက်အလက်များသည် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့်အချို့သော သတင်းအချက်အလက်/ အကြောင်းအရာများကိုသာဖော်ပြထားသဖြင့် မိမိရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဆိုပါက အရေးပါသောအခြားအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုင်းတွင် ဆုံးရှုံးနိုင်ခြေများရှိသဖြင့် စတော့ရှယ်ယာဈေးကွက်တွင်ရင်းနှီးမြှုပ်နှံမည်ဆိုပါကမိမိ၏ risk profile နှင့် investment objective များပေါ်မူတည်၍ စဉ်းစားသုံးသပ်ရန်လိုအပ် ပါသည်။ ဤသတင်းလွှာတွင် ပါဝင်သော သတင်းအချက်များကိုအသုံးပြု၍ ဖြစ်ပေါ်လာသောမည်သည့်ရလဒ်အပေါ်မဆို KBZSC မှ တာဝန်မရှိပါ။ ဤ သတင်းလွှာတွင် ပါဝင်သော သတင်းအချက် အလက် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း KBZSC ၏ ခွင့်ပြုချက်မရှိဘဲ ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းကို လုံးဝခွင့်မပြုပါ။